Victorian Equal Opportunity
& Human Rights Commission

# ခွဲခြားဆက်ဆံမှုဆိုင်ရာ အချက်အလက်များ

## > သင်၏ အခွင့်အရေးများကိုသိထားပါ၊ သင်၏တိုင်ကြားချက်များကို ဖြေရှင်းပါ

### ခွဲခြားဆက်ဆံမှု

ဗစ်က်တိုးရီးယား ဥပဒေသည် လူများအား ခွဲခြားဆက်ဆံမှု၊ လိင်ပိုင်းအရ နှောင့်ယှက်မှု၊ မတရားဖိနှိပ်မှု၊ လူမျိုးရေးအရနှင့် ဘာသာရေးအရ အမနာပ ပြောမှုတို့မှကာကွယ်ပေးသည်။

ခွဲခြားဆက်ဆံမှုဆိုသည်မှာ အောက်ပါတို့ကြောင့် သူတစ်ဦးအား မသင့်လျော်စွာဆက်ဆံခြင်းဖြစ်သည်။

- လူမျိုး၊ အသားအရောင်၊ မျိုးရိုး၊ နိုင်ငံသား၊ မျိုးနွယ် သို့မဟုတ် လူမျိုးစု နောက်ခံရှိခြင်း
- ဘာသာရေးယုံကြည်ချက် သို့မဟုတ် ဘာသာရေးလှုပ်ရှားမှု၌ ပါဝင်ဆင်နွှဲခြင်း
- မသန်စွမ်းခြင်း၊ ရောဂါ သို့မဟုတ် အလုပ်ခွင်၌ပတ်သက်၍ရရှိသောဒဏ်ရာနှင့် အခြား ဒဏ်ရာများ
- မိဘ၏အခြေအနေ သို့မဟုတ် ပြုစုစောင့်ရှောက်သူတစ်ဦး၏ အခြေအနေ၊ ဥပမာ ၎င်းတို့ထံ၌ ကလေးများ သို့မဟုတ် အခြားမိသားစုဝင်များအား ပြုစုစောင့်ရှောက်ရန် တာဝန်ရှိခြင်း
- အသက်အရွယ်၊ ကြီးငယ်မဆို သို့မဟုတ် ယေဘုယျအားဖြင့် အသက်အရွယ်ကြောင့်
- လိင်
- အလုပ်အကိုင်ဆိုင်ရာ လုပ်ရပ်များ၊ ဥပမာ အလုပ်ခွင်ရှိ မိမိ၏ အခွင့်အရေးများနှင့် ခံစားပိုင်ခွင့်များတို့နှင့် ပတ်သက်ပြီး မေးခွန်းများကိုထုတ်သဖြင့် သို့မဟုတ် ပူပန်ခြင်းများကိုဖွင့်ဟသဖြင့်
- အလုပ်သမားအစည်းအရုံးကဲ့သို့သော လုပ်ငန်းအဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်ခြင်း သို့မဟုတ် လုပ်ငန်းလှုပ်ရှားမှု၌ ပါဝင်လှုပ်ရှားခြင်း သို့မဟုတ် အစည်းအရုံးတစ်ခုတွင် အဖွဲ့မဝင်ရန်ဆုံးဖြတ်ခြင်း များတို့ပါဝင်သော လုပ်ငန်းဆိုင်ရာ အမှုကိစ္စ
- ကာယပိုင်းအင်္ဂါရပ်များ ဥပမာ အရပ်အမောင်း၊ အလေးချိန်၊ အရွယ်အစား၊ ဆံပင် သို့မဟုတ် မွေးတွင်းပါအမှတ်
- ကိုယ်ဝန်ဆောင်ခြင်းနှင့် ကလေးနို့တိုက်ခြင်း
- တရားဝင် ကာမဆက်ဆံမှု
- လိင်တိမ်းညွတ်မှု သို့မဟုတ် လိင်သတ်မှတ်ချက်များဖြစ်သော လိင်မတူကို နှစ်သက်သူ၊ လိင်တူအမျိုးသားအချင်းချင်းနှစ်သက်သူ၊ လိင်တူအမျိုးသမီး အချင်းချင်းနှစ်သက်သူ၊ လိင်တူရောလိင်ကွဲကိုပါနှစ်သက်သူ၊ ဆန့်ကျင်ဘက်လိင်အဖြစ်ပြောင်းလဲထားသူ၊ ဆန့်ကျင်ဘက်လိင်ဖြစ်ရန် တုပကြိုးစားနေသူ သို့မဟုတ် မိန်းမရှာ၊ မည်သူမဆိုဖြစ်စေ
- အိမ်ထောင်ရေးအခြေအနေ၊ အိမ်ထောင်ရှိခြင်း၊ အိမ်ထောင်ကွဲနေခြင်း၊ အိမ်ထောင်မရှိခြင်း သို့မဟုတ် တရားဝင်လက်မထပ်ဘဲ အတူနေထိုင်ကြခြင်း မည်သည်မဆိုဖြစ်စေ
- နိုင်ငံရေးယုံကြည်ချက် သို့မဟုတ် နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်ခြင်း သို့မဟုတ် နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်မှုလုံးဝမရှိခြင်း
- ဤသို့သောကိုယ်ပိုင်ပင်ကိုယ်လက္ခဏာများရှိသူ သို့မဟုတ် ရှိသည်ဟုထင်မြင်ယူဆရသူ တစ်ဦးဦးနှင့် နီးနွယ်ဆက်စပ်မှုရှိခြင်း။

လိင်ပိုင်းအရနှောင့်ယှက်မှုသည်လည်း တရားဥပဒေနှင့်ဆန့်ကျင်ပေသည်။ ၎င်း၌ ကာမ သဘောသဘာဝပါသော မှတ်ချက်များ သို့မဟုတ် အီးမေးလ်များ၊ မလိုလားသော ထိကိုင်ခြင်းများ သို့မဟုတ် မလိုလားသော ကာမဆက်ဆံရန် တောင်းဆိုမှုများနှင့် ကာမဆိုင်ရာပစ္စည်းပစ္စယများကို မသင့်မလျော်စွာ ထုတ်ဖော်ပြသခြင်းတို့ပါဝင်ကြသည်။

### တရားဥပဒေနှင့်ဆန့်ကျင်ရာ ခွဲခြားဆက်ဆံမှု ကိစ္စရပ်များ

ဗစ်က်တိုးရီးယားပြည်နယ်တွင် တရားဥပဒေနှင့်ဆန့်ကျင်သည့် ခွဲခြားဆက်ဆံမှု ဖြစ်ပေါ်စေရာအပိုင်းများမှာ၊

- နေရာထိုင်ခင်း
- အသင်းများ
- ပညာရေး
- အချိန်ပိုင်း၊ အချိန်ပြည့်၊ ကျပန်း၊ ကန်ထရိုက်နှင့် အစမ်းခန့် အလုပ်သမားများအပြင် သင်တန်းသားများနှင့် အလုပ်သင်များပါ ပါဝင်သော အလုပ်အကိုင်
- ကုန်ပစ္စည်းများနှင့် ဝန်ဆောင်ပေးမှုများ
- မြေယာရောင်းခြင်းနှင့် လွှဲပြောင်းပေးခြင်းများ
- ဒေသအစိုးရ
- အားကစား။

Victorian Equal Opportunity
& Human Rights Commission

## ခွဲခြားဆက်ဆံမှုအမျိုးအစားများ

တရားဥပဒေက ကာကွယ်ပေးထားသော ကိုယ်ပိုင်ပင်ကိုယ်လက္ခဏာတစ်ခုကြောင့် သူတစ်ဦးတစ်ယောက်အား မသင့်လျော်စွာဆက်ဆံသည့်အခါ တိုက်ရိုက်ခွဲခြားဆက်ဆံမှုဖြစ်ပေါ်လေတော့သည်။

ဂျော့ဂ်ျ သည် သူက ကောင်းမွန်စွာအရည်အချင်းပြည့်မီစွာလုပ်ကိုင်နိုင်သည်ဟု ထင်မှတ်သောအလုပ်တစ်ခုအတွက် အင်တာဗျူးမရရှိရခြင်းမှာ သူ၏လူမျိုးစုနောက်ခံအကြောင်းကြောင့်ဟုယုံကြည်သည်။

လူတိုင်းကို တစ်ပုံစံတည်းဆက်ဆံခြင်းအားဖြင့် သူတစ်ဦး၌ ကိုယ်ပိုင်ပင်ကိုယ်လက္ခဏာတစ်ခုရှိခြင်းကြောင့် ထိုသူအား ဆိုးကျိုးဖြစ်စေသည့်အခါ သွယ်ဝိုက်၍ခွဲခြားဆက်ဆံမှုဖြစ်ပေါ်လေတော့သည်။

စတိုးဆိုင်မန်နေဂျာတစ်ဦးက ဖောက်သည်များ၏ ကိုယ်ပိုင်ချက်လက်မှတ်များကို လက်ခံအတည်မပြုမီ သူတို့၏ ယာဉ်မောင်းလိုင်စင်များကိုတောင်းသည်၊ သို့သော် ရမေး၍ ဦမျက်စိအားနည်းမှုကြောင့် သူ့ထံတွင် လိုင်စင်မရှိပေ။

## အချက်အလက်များကို တောင်းခံခြင်းများအရ ခွဲခြားဆက်ဆံမှု

အကယ်၍ ကာကွယ်ပေးထားသော ကိုယ်ပိုင်ပင်ကိုယ်လက္ခဏာများနှင့် ပတ်သက်သည့် မည်သည့်အချက်အလက်များကိုမဆို တောင်းခံအားဖြင့် ထိုအချက်အလက်များအား ခွဲခြားဆက်ဆံသည့်နည်းလမ်းဖြင့် အသုံးပြုနိုင်ခြေရှိလျှင် ၎င်းသည်ဥပဒေနှင့်ဆန့်ကျင်ပေသည်။

အလုပ် အင်တာဗျူးတစ်ခုတွင် အဲလ်လီ အား သူမ၌အိမ်ထောင်ရှိ၊ မရှိနှင့် သူမအနေနှင့် ကလေးမွေးရန်အစီအစဉ်ရှိ၊ မရှိတို့ကိုမေးမြန်းခံရသည်။ သူမသည် ထိုရာထူးအတွက် အသင့်တော်ဆုံးပုဂ္ဂိုလ်ဖြစ်သော်လည်း အဲလ်လီ အလုပ်မရပါ။

## အမနာပပြောမှု

အမနာပပြောမှုသည် လူတစ်ဦး သို့မဟုတ် လူစုတစ်စုအား ၎င်းတို့၏ လူမျိုး သို့မဟုတ် ဘာသာရေးကြောင့် မုန်းတီးရန်၊ မလေးစားရန် သို့မဟုတ် စော်ကားရန် အခြားသူများကို လှုံ့ဆော်အားပေးသည့်အပြုအမူဖြစ်သည်။

၎င်း၌ပါဝင်သည်တို့မှာ တစုံတရာသောလူမျိုးတစ်စု သို့မဟုတ် တစုံတရာသော ဘာသာရေးအဖွဲ့အား လှောင်ပြောင်သရော်ရန်၊ ၎င်းတို့အား မုန်းတီးရန် သို့မဟုတ် ၎င်းတို့အပေါ်ကြမ်းကြုတ်ရန်၊ ၎င်းတို့၏ဥစ္စာပစ္စည်းကို ဖျက်စီးရန်နှင့် ၎င်းတို့အကြောင်းကိုလိမ်လည်ပြောဆိုရန်တို့အတွက် နှုတ်နှင့်ဖြစ်စေ၊ ရေးသား၍ဖြစ်စေ၊ အင်တာနက်မှဖြစ်စေ သို့မဟုတ် ကိုယ်ထိလက်ရောက်ဖြစ်စေ လုပ်ကိုင်ခြင်းအားဖြင့် အခြားသူများကို လှုံ့ဆော်အားပေးသည့် အပြုအမူများဖြစ်သည်။

သူတစ်ဦးက အခြားသူများအား အမနာပပြောရန်အတွက် ထိုသူအား ဥပမာ ထိုသူတို့၏အကြောင်းအချက်များကို ထုန်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်းအားဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ကူညီခြင်းသည်လည်း ဥပဒေနှင့်ဆန့်ကျင်သည်။

လူမျိုးရေးဝါဒဆိုင်ရာအပြုအမူများနှင့်ပတ်သက်ပြီး သတင်းလောက၌ သတင်းဖြန့်ဝေခြင်းကဲ့သို့သော အချို့အပြုအမူများကို အကယ်၍ သင့်မြတ်စွာနှင့် သဘောရိုးဖြင့်ပြုလုပ်လျှင် အမနာပပြောခြင်းမဖြစ်နိုင်ပေ။ လူတစ်ဦး၏ လူမျိုးရေး သို့မဟုတ် ဘာသာရေးနှင့်ပတ်သက်သည့် အချို့သော မှတ်ချက်များ သို့မဟုတ် ဟာသများသည် အမနာပပြောခြင်းမဖြစ်နိုင်ပေ။ သို့သော်လည်း ဥပဒေကလွှမ်းခြုံသည့် အလုပ်ခွင်၌ကဲ့သို့သော အများပြည်သူလောက၏ ရှစ်ခုသောအပိုင်းကဏ္ဍအနက် အပိုင်းတစ်ခုခု၌ဖြစ်လျှင်မူ ခွဲခြားဆက်ဆံမှုစာရင်းဝင်နေနိုင်ဦးမည်ဖြစ်သည်။

## မတရားဖိနှိပ်မှု

မတရားဖိနှိပ်မှုဆိုသည်မှာ သူတစ်ဦးက မိမိအခွင့်အရေးများနှင့်ပတ်သက်ပြီး ရပ်တည်ပြောခဲ့ခြင်း၊ တိုင်ကြားချက်တစ်ခုခုဖွင့်ခဲ့ခြင်း သို့မဟုတ် အခြားသူတစ်ဦးအား တိုင်ကြားချက်ဖွင့်ရန်ကူညီခဲ့ခြင်းများတို့ကြောင့် ထိုသူအား ထိခိုက်နစ်နာစေခြင်းဖြစ်သည်။ မတရားဖိနှိပ်မှုသည်လည်း ဥပဒေနှင့်ဆန့်ကျင်ပေသည်။

## Commission (ကော်မရှင်)သို့ တိုင်ကြားချက်ဖွင့်ခြင်း

အကယ်၍သင့်အနေနှင့် ခွဲခြားဆက်ဆံခံခဲ့ရသည်၊ လိင်ပိုင်းအရနှောင့်ယှက်ခံခဲ့ရသည်၊ မတရာဖိနှပ်ခံခဲ့ရသည် သို့မဟုတ် အမနာပအပြောခံခဲ့ရသည်ဟု သင်ထင်မြင်လျှင် ကျွန်ုပ်တို့အားဆက်သွယ်ပါ။ ကျွန်ုပ်တို့က သင့်အား တိုင်ကြားရေး လုပ်ငန်းစဉ်နှင့်ပတ်သက်သောအကြောင်းအချက်ကိုပို့ပေးနိုင်သည်။ အကယ်၍ ကျွန်ုပ်တို့က သင့်အား မကူညီနိုင်ပါက သင့်အားကူညီနိုင်သူတစ်ဦးဦးထံသို့ ရည်ညွှန်းပေးရန် ကျွန်ုပ်တို့ကြိုးစားပါမည်။

သင်သည် ကျွန်ုပ်တို့ထံသို့ စာပို့၍ သို့မဟုတ် အီးမေးလ် ပို့၍ သို့မဟုတ် ကျွန်ုပ်တို့၏ အွန်လိုင်း တိုင်ကြားရေး ပုံစံစာရွက် ကို ဖြည့်စွက်၍လည်း တိုင်ကြားနိုင်ပါသည်။ သင်နှစ်သက်ရာဘာသာစကားနှင့် တိုင်ကြားချက တစ်ရပ်ဖွင့်နိုင်သည် သို့မဟုတ် သင်သည်ကျွန်ုပ်တို့အား ဖုန်းဆက်ပြီးနောက် သင်၏တိုင်ကြားချက်ကို ကျွန်ုပ်တို့ကကူညီရေးပေးနိုင်ပါသည်။ ကျွန်ုပ်တို့ထံ၌တိုင်ကြားချက်ဖွင့်ရာ၌ ငွေကြေးကုန်ကျမှု လုံးဝမရှိသလို ရှေ့နေအားလိုအပ်မှုလည်းမရှိပါ။

သင်၏တိုင်ကြားချက်ကို ဖြေရှင်းပေးရန် Commission(ကော်မရှင်) ကကြိုးစားကူညီပေးမည်ဖြစ်သော်လည်း သင့်အတွက်သော်လည်းကောင်း၊ သင်တိုင်ကြားနေသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ ကျွန်ုပ်တို့က ထောက်ခံမပေးပါ။

သင်သည်တိုင်ကြားချက် လျှောက်လွှာတင်သည့်အခါ တိုင်ကြားချက်နှင့် ပတ်သက်၍စကားပြောရန် ကျွန်ုပ်တို့က သင့်အားဆက်သွယ်မည်ဖြစ်ပြီး ကျွန်ုပ်တို့က သင့်အား အကြောင်းအချက်များကိုထပ်မံမေးမြန်းမည်။ ကျွန်ုပ်တို့က တိုင်ကြားချက်ကို ဖျန်ဖြေမှုအရ ကြိုးစားဖြေရှင်းပေးရေးနှင့် သင့်အနေနှင့် တိုင်ကြားချက်ကို မည်သို့ဖြေရှင်းပေးလိုရေးတို့နှင့်ပတ်သက်ပြီး သင်နှင့်ဆွေးနွေးမည်။

Victorian Equal Opportunity
& Human Rights Commission

ယေဘုယျအားဖြင့် Commission သည် သင်မကျေနပ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ဆက်သွယ်မည်ဖြစ်ပြီး၊ ၎င်းတို့အား တိုင်ကြားချက်မိတ္တူကိုပေးပြီး ၎င်းတို့၏ထင်မြင်သုံးသပ်ချက်များကို မေးမြန်းမည်။ သင့်တိုင်ကြားချက်အပေါ် ၎င်းတို့၏တုံ့ပြန်ဖြေကြားချက်ကို ကျွန်ုပ်တို့က သင့်အားအသိပေးမည်။

အချို့ကိစ္စများ၌ သင်၏တိုင်ကြားချက်ကို ကျွန်ုပ်တို့က မကိုင်တွယ်ပေးနိုင်သည်ကို ကျွန်ုပ်တို့ကဆုံးဖြတ်နိုင်ကောင်း သည်။ ဤသို့ဖြစ်ခဲ့လျှင် ကျွန်ုပ်တို့ကသင့်အားဆက်သွယ်ပြီး အကြောင်းရင်းကို ရှင်းပြမည်။

ကိစ္စအတော်များစွာ၌ သင်နှင့် သင်တိုင်ကြားထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့အကြား ဖျန်ဖြေမှုအရ ဖြေရှင်းပေးနိုင်သည့်နည်းလမ်းတစ်ခုခု ကိုကြိုးစားရှာဖွေပေးရန် ကျွန်ုပ်တို့ကူညီမည်။ ဖျန်ဖြေပေးနိုင်ပုံများမှာ မျက်နှာဆုံညီတွေ့ဆုံခြင်း၊ တယ်လီဖုန်းနှင့်ညှိနှိုင်းဆွေးနွေးခြင်း၊ ဖျန်ဖြေပေးသူမှတဆင့် အီးမေးလ်များ သို့မဟုတ် မှာကြားစာများနှင့် ဆောင်ရွက်ခြင်း တို့ဖြစ်ကြသည်။ တိုင်ကြားချက်များကို နည်းလမ်းများစွာဖြင့် ဖြေရှင်းနိုင်ပါသည်၊ ဥပမာ တောင်းပန်စာအရဖြစ်စေ၊ မူဝါဒပြောင်းလဲခြင်းအရဖြစ်စေ၊ ဝန်ထမ်းလေ့ကျင့်မှုအရဖြစ်စေ သို့မဟုတ် နစ်နာကြေးပေးခြင်းအရဖြစ်စေ ဖြေရှင်းနိုင်ပါသည်။

## Commission (ကော်မရှင်)၏ အကြောင်း

Victorian Equal Opportunity and Human Rights Commission (ဗစ်က်တိုးရီးယား တန်းတူညီမျှ အခွင့်အရေးနှင့် လူ့အခွင်အရေးများကော်မရှင်)သည် အချုပ်အချယ်ကင်းသော ဥပဒေအရပြဋ္ဌာန်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဥပဒေသုံးခုအရ တာဝန်ရှိသည်။

- *Equal Opportunity Act 2010 (တန်းတူညီမျှအခွင့်အရေး အက်ဥပဒေ ၂၀၁၀)*
- *Racial and Religious Tolerance Act 2001 (လူမျိုးနှင့် ဘာသာရေး သည်းခံမှု အက်ဥပဒေ ၂၀၁၀)*
- *Charter of Human Rights and Responsibilities Act 2006 (လူ့အခွင့်အရေးများနှင့် တာဝန်များ ပဋိညာဉ် အက်ဥပဒေ ၂၀၀၆)*

## Commission (ကော်မရှင်) ၏ ဝန်ဆောင်ပေးမှုများ၌ ပါဝင်သည်များမှာ၊

- အခမဲ့ တယ်လီဖုန်းနှင့်စုံစမ်းရေး ဖုန်းလိုင်း
- အခမဲ့ဖြစ်ပြီး မျှတမှုရှိသည့် အငြင်းပွားမှုများကိုဖျန်ဖြေပေးသော ဝန်ဆောင်ပေးမှု
- တန်းတူညီမျှအခွင့်အရေး၊ လူမျိုးရေးနှင့် ဘာသာရေး အမနာပပြောမှုနှင့် Charter of Human Rights and Responsibilities (လူ့အခွင့်အရေးများနှင့်တာဝန်များ ပဋိညာဉ်) တို့နှင့်ပတ်သက်သော အချက်အလက်များနှင့် အသိပညာ
- ပညာရေး၊ လေ့ကျင့်ရေးနှင့် တိုင်ပင်ရေးဆိုင်ရာ ဝန်ဆောင်ပေးခြင်းများ။

တန်းတူညီမျှအခွင့်အရေးနှင့် လူ့အခွင့်အရေးများနှင့်ပတ်သက်သော အကြောင်းအချက်များအတွက် ကျေးဇူးပြုပြီး ကျွန်ုပ်တို့အားဆက်သွယ်ပါ။


### ကျွန်ုပ်တို့အားဆက်သွယ်ပါ

စုံစမ်းရေးဖုန်းလိုင်း။ 1300 292 153
စကားပြန်များ။ 1300 152 494
အီးမေးလ်။ enquiries@veohrc.vic.gov.au

Level 3, 204 Lygon Street, Carlton Victoria 3053
တယ်လီဖုန်း။ 1300 891 848
ဖက်စ်။ 1300 891 858
**TTY** ကြေးနန်းပုံနှိပ်စက်။ 1300 289 621
ဝက်ဘ်ဆိုက် humanrightscommission.vic.gov.au
အွန်လိုင်း တိုင်ကြားရေး ပုံစံစာရွက်။ humanrightscommission.vic.gov.au/complaints


Victorian Equal Opportunity
& Human Rights Commission


Victorian Equal Opportunity and Human Rights Commission (ဗစ်က်တိုးရီးယား တန်းတူညီမျှ အခွင့်အရေးနှင့် လူ့အခွင်အရေးများကော်မရှင်) မှ ဇွန်လ 2011 ၌ ထုတ်ဝေသည်။



*တာဝန်မယူခြင်း ရှင်းလင်းချက်။ ဤအချက်အလက်များ၏ရည်ရွယ်ချက်မှာ လမ်းညွှန်ရေးအတွက်သက်သက်ဖြစ်ပြီး ဥပဒေရေးရာအကြံပေးခြင်းကို အစားမထိုးပါ။*